Assistance Association for Political Prisoners (Burma)
နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

E-mail: info@aappb.org, info.aappburma@gmail.com Website: www.aappb.org

# လစဉ်သတင်းလွှာ ဩဂုတ်လ ၂၀၁၇



ပေါင်းတည်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံး ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ဦးဇော်ဆွေမှ လူငယ်နှင့် မူးယစ်ဆေးအန္တရာယ်အကြောင်းဟောပြော

## လူ့အခွင့်အရေးဆိုင်ရာဟောပြောဆွေးနွေးပွဲများပို့ချပေးခြင်း

**လူ့အခွင့် အရေးဆိုင်ရာဟောပြော၊ ဆွေးနွေးပွဲပေါင်း (၃၅) ပွဲအား ကျောင်းသူ၊ ကျောင်းသားများနှင့်လူထုတွင်းတွင် ပို့ချပေးခြင်း**

ဩဂုတ်လအတွင်းတွင် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေး အသင်း (AAPP) မှ လူ့အခွင့်အရေးဆိုင်ရာ ဟောပြောဆွေးနွေးပွဲပေါင်း (၃၅) ပွဲကို ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်လေးမြို့နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တစ်မြို့နယ်တို့တွင် ပို့ချပေးနိုင်ခဲ့သည်။ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်၊ ပေါင်းတည်မြို့နယ်၊ ဇီးကုန်းမြို့နယ်၊ သာယာဝတီမြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်းကျောင်း (၂၉) ကျောင်းတွင်ဟောပြောဆွေးနွေးပွဲပေါင်း(၁၄) ပွဲကိုလည်းကောင်း၊ ဟောပြောဆွေးနွေးပွဲတစ်ပွဲကို ပေါင်းတည်မြို့နယ် အတွင်းရှိ ဖြူစင်အလင်းရောင် အခမဲ့ ပညာဒါန စာသင်ကျောင်းတွင်လည်းကောင်း၊ ဟောပြော ဆွေးနွေးပွဲတစ်ပွဲကို ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်အတွင်းတွင်လည်းကောင်း ဟောပြောဆွေးနွေးပို့ချပေးခဲ့ပါသည်။ အဆိုပါ ဟောပြော ဆွေးနွေးပွဲများသို့ ကျောင်းသူ၊ ကျောင်းသား **၁၂၆၄၈** (တစ်သောင်းနှစ်ထောင် ခြောက်ရာလေးဆယ့်ရှစ်) ဦးကျော်နှင့် ဆရာ၊ဆရာမများ တက်ရောက်နားထောင်ခဲ့ကြ သည်။

AAPP မှ ပြည်မြို့နယ်အတွင်းရှိ အထက်တန်းကျောင်း (၁၂) ကျောင်းတွင် ဟောပြောဆွေးနွေးပွဲပေါင်း (၁၆)ပွဲကို ဩဂုတ်လ ၁ ရက်နေ့မှ ၅ ရက်နေ့ထိ၊ ဩဂုတ်လ ၂၈ ရက်နေ့မှ ၃၁ ရက်နေ့ထိ ပို့ချပေးခဲ့ပါသည်။ အဆိုပါ ဟောပြောဆွေးနွေးပွဲများသို့ ပြည်မြို့ တိုင်းဒေသကြီး (၂) လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျ၊ ပြည်မြို့နယ်ပညာရေးမှူး ဒေါက်တာမာမာဇင်၊ ပြည်မြို့၊မြို့နယ် NLDဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဝင်း၊ ပဲခူးတိုင်း အနောက်ခြမ်းလက်ထောက် တိုင်းပညာရေး မှူး ဒေါ်အေးအေးစိုး၊ ပြည်မြို့နယ်အုပ်ချုပ်ရေးမှူးဦးမြတ်ကျော်၊ ပြည်မြို့ နယ်တည်ငြိမ်သာယာရေးအထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးအေးလွင် တို့မှ တက်ရောက်၍ အဖွင့်အမှာအစကား ပြောကြားပေးခဲ့ပြီး ပြည်ခရိုင်နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့မှ ကိုကျော်ဆန်း၊ ပြည် ၈၈ ငြိမ်းချမ်းရေးနှင့် ပွင့်လင်း လူ့အဖွဲ့အစည်းမှ နိုင်ငံရေးအကျဉ်းသားဟောင်း ကိုဇော်ထွန်းနိုင်၊ ပြည်ခရိုင်နိုင်ငံရေးအကျဉ်းသားဟောင်း ကိုပြည့်လွင်(ဖြူဖွေး)တို့မှ ပါဝင်အားဖြည့်ကူညီပေးခဲ့ကြပါသည်။ ဟောပြောပွဲသို့ ကျောင်းသား၊ကျောင်းသူ **(၅၉၆၈)** ဦးကျော် နှင့် ဆရာ၊ ဆရာမများ တက်ရောက် ခဲ့ပါသည်။

ထို့ပြင် ပေါင်းတည်မြို့နယ်အတွင်းရှိ အထက်တန်းကျောင်း ခုနစ်ကျောင်းနှင့် ဖြူစင်အလင်းရောင် အခမဲ့ ပညာဒါန စာသင်ကျောင်း တို့တွင် ဟောပြောဆွေးနွေးပွဲပေါင်း ရှစ်ပွဲကို ဩဂုတ်လ ၈ ရက်နေ့မှ ၁၁ ရက်နေ့ထိ ပို့ချပေးခဲ့ပါသည်။ ပေါင်းတည်မြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဦး၊ ပေါင်းတည်ပညာရေးမှူး ဦးဇော်မင်း၊ ပေါင်းတည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးဌာနမှ ဒုတိယအုပ်ချုပ်ရေးမှူး ဦးသန့်ဇင်ထွန်း၊ ပေါင်းတည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်ဒုတိယဦးစီးမှူး နေလင်းထွန်းနှင့် ပေါင်းတည်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံး ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ဦးဇော်ဆွေတို့မှ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားပေးခဲ့ပြီး ပေါင်းတည်နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့မှ ကိုမင်းဆွေဇင်၊ ကိုစောနိုင် နှင့် ပေါင်းတည် ပြည်သူ့အကျိုးဆောင်ကွန်ယက်အဖွဲ့ မှ ကိုတင့်လွင်၊ ကိုပိုင်၊ ပြည်ခရိုင်နိုင်ငံရေးအကျဉ်းသားဟောင်း ကိုပြည့်လွင် (ခ) ဖြူဖွေး တို့မှပါဝင်အားဖြည့်ကူညီပေးခဲ့ကြပါသည်။ ဒုရဲမှူး ဦးဇော်ဆွေမှ ကလေးသူငယ်နှင့်မူးယစ်ဆေး အန္တရာယ်အကြောင်း အသိပညာပေးဆွေးနွေးပြောကြားပေးခဲ့ပါသည်။ ဟောပြောပွဲသို့ ကျောင်းသား၊ကျောင်းသူ **(၂၃၂၀)** ဦးကျော် နှင့် ဆရာ၊ ဆရာမများ တက်ရောက်ခဲ့ပါသည်။

ဇီးကုန်းမြို့နယ်အတွင်းရှိ အထက်တန်းကျောင်း ခြောက်ကျောင်း

တွင်လည်း ဟောပြောဆွေးနွေးပွဲပေါင်း ခြောက်ပွဲကို ဩဂုတ်လ ၁၆ ရက်နေ့မှ ၁၈ ရက်နေ့ထိ ပို့ချပေးခဲ့ပါသည်။ ဒုမြို့နယ်ပညာရေးမှူးမှ

ဟောပြောပွဲတွင် အဖွင့်အမှာစကားပြောကြားခဲ့ပြီး ရုပ်ရှင်နှင့်ဗီဒီယို ကလေးသရုပ်ဆောင်အိစိကွေးမှ လူငယ်တယောက်ဖြတ်သန်းခဲ့ရသော အတွေ့အကြုံများ၊ လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်များ အကြောင်းကို အားဖြည့်ကူညီဆွေးနွေးခဲ့ပါသည်။ ဖြူစင်မေတ္တာ ပရဟိတအဖွဲ့မှ ဇီးကုန်းနိုင်ငံရေးအကျဉ်းသားဟောင်းကိုသိန်းထိုက်စိုးဦး၊ ဖြူစင်မေတ္တာ ပရဟိတအဖွဲ့မှ ဦးအောင်ထွေး၊ ပြည်ခရိုင်နိုင်ငံရေးအကျဉ်းသားဟောင်း ကိုပြည့်လွင်(ခ) ဖြူဖွေး တို့မှပါဝင်အားဖြည့်ကူညီပေးခဲ့ကြပါသည်။ ဟောပြောပွဲသို့ ကျောင်းသူ၊ ကျောင်းသား **(၂၄၆၉)** ဦးကျော် နှင့် ဆရာ၊ ဆရာမ တက်ရောက်ခဲ့ပါသည်။

ထိုမှုသာမက သာယာဝတီမြို့နယ်အတွင်းရှိ အထက်တန်းကျောင်း လေးကျောင်းတွင် ဟောပြောဆွေးနွေးပွဲပေါင်း လေးပွဲကို ဩဂုတ်လ ၂၂ ရက်နေ့မှ ၂၃ ရက်နေ့ထိ ဟောပြော ပို့ချပေးခဲ့သည်။ သာယာဝတီမြို့နယ် မြို့နယ်ပညာရေးမှူးဦးရဲထွဋ်မှ အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ဦးတိုးလွင် (ဥတ္တရအလင်း) မှငြိမ်းချမ်းရေးသီချင်းများ၊ လူ့အခွင့်အရေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ပါသည်။ သာယာဝတီ နိုင်ငံရေးအကျဉ်းသားဟောင်းများ ဖြစ်သော ဦးစိုးသိန်း၊ ကိုကျော်နိုင်ဦး၊ မသင်းမျိုးအေး၊ ဦးစောမြင့်စိန်၊ ကိုသိမ်းအုန်း တို့မှ ပါဝင်အားဖြည့် ကူညီပေးခဲ့ကြပါသည်။ ဟောပြောပွဲသို့ ကျောင်းသား၊ကျောင်းသူ **(၁၈၉၁)** ဦးကျော် နှင့် ဆရာ၊ ဆရာမများ တက်ရောက်ခဲ့ပါသည်။

ဩဂုတ်လ ၂၀ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် အတွင်း သဲဖြူကျေးရွာ၊ စု ပေါင်းအားမာန်ကျေးရွာဖွံ့ဖြိုးရေးဦးဆောင် အဖွဲ့ရုံးတွင် အခြေခံလူ့အခွင့်အရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကို AAPP မှကြီးမှူးကျင်းပခဲ့ပါသည်။ ဟောပြောပွဲကို ထန်းတပင်မြို့နယ် အတွင်းရှိကျေးရွာများမှ ပြည်သူ အယောက်**(၁၀၀)**ကျော် တက်ရောက် နားထောင်ခဲ့ကြသည်။

အဆိုပါ ဟောပြောဆွေးနွေးပွဲတွင် AAPP အဖွဲ့ဝင်များဖြစ်ကြသော ဦးအောင်မျိုးကျော်၊ ကိုဝဏ္ဏနွယ်၊ ကိုတင့်ထူးလွင်၊ ကိုကျော်ဦး၊ ကိုမျိုးထွဋ်အောင်နှင့် ကိုအောင်ကြီးတို့မှ ဟောပြောပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ဟောပြောပွဲ တက်ရောက်လာသူများကိုရှင်းပြကာ လူ့အခွင့်အရေးသမိုင်းကြောင်း၊ အခြေခံလူ့အခွင့်အရေး၊ လူ့အခွင့်ရေးအခြေခံသဘောတရားများ၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း(UDHR) အချက် ၃၀၊ နိုင်ငံတကာဆိုင်ရာ နိုင်ငံရေးနှင့် နိုင်ငံသား အခွင့်အရေး သဘောတူစာချုပ် (ICCPR)၊ နိုင်ငံတကာဆိုင်ရာ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ သဘောတူစာချုပ် (ICESPR)၊ ကလေးသူငယ်အခွင့်အရေးများနှင့် တာဝန်ယူမှု၊ တာဝန်ခံမှု အကြောင်းများ၊ ကလေးသူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် အကြောင်းများကို ဟောပြောရှင်းလင်း ဆွေးနွေးပေးခဲ့ပါသည်။ ဟောပြောပွဲများပြီးဆုံးပြီးနောက် တက်ရောက်သူများကြား လူ့အခွင့်အရေးဆိုင်ရာ အသိပညာဗဟုသုတများ မြှင့်တင်ရန် ရည်ရွယ်၍ AAPPမှ အချက် ၃၀ ပါ အပြည် ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာ စာတမ်း လက်ကမ်းစာစောင်များကို ဝေငှခဲ့သည်။

အထက်ပါ ဟောပြောပွဲများ ကျင်းပပြုလုပ်နိုင်ရန်နှင့် အောင်မြင်စွာ ပြီးမြောက်နိုင်စေရန်အတွက် အစိုးရမှ AAPP နှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ပံ့ပိုးကူညီမှုများပေးခဲ့သည်။



ရခိုင်ပြည်နယ်၊ သံတွဲမြို့တွင် အသွင်ကူးပြောင်းရေးဆိုင်ရာ
တရားမျှတမှုသင်တန်းပို့ချ

**ရခိုင်ပြည်နယ်နှင့် မကွေးတိုင်းတို့တွင် လူ့အခွင့်အရေး၊ လူ့အခွင့်အရေး မှတ်တမ်းတင်ခြင်းနှင့် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုသင်တန်းများပို့ချပေးခြင်း**

လူ့အခွင့်အရေး၊ လူ့အခွင့်အရေးမှတ်တမ်းတင်ခြင်းနှင့် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုသင်တန်းကို နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း(AAPP) မှ လစဉ် ပို့ချပေးလျက်ရှိသည်။ ဩဂုတ်လ ၃ ရက်နေ့မှ ဩဂုတ်လ ၁၄ ရက်နေ့ထိ ရခိုင်ပြည်နယ်၊ သံတွဲမြို့၌ (၁၂) ရက်တာသင်တန်းတစ်ခုကို လည်းကောင်း၊ ဩဂုတ်လ ၁၆ ရက်နေ့မှ ဩဂုတ်လ ၂၆ ရက်နေ့ထိ မကွေးတိုင်း၊ စလင်းမြို့နယ်တွင် (၁၁) ရက်တာ သင်တန်းတစ်ခုကို လည်းကောင်း ကျင်းပပြုလုပ်ပေးနိုင်ခဲ့သည်။

ရခိုင်ပြည်နယ်၊ သံတွဲမြို့၌ ကျင်းပခဲ့သော (၁၂) ရက်တာသင်တန်း၌ သင်တန်းနည်းပြများအဖြစ် လူ့အခွင့်အရေးသင်တန်းနည်းပြ ကိုနေဝန်းနှင့် လူ့အခွင့်အရေး၊ လူ့အခွင့်အရေးမှတ်တမ်းတင်ခြင်းနှင့် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုသင်တန်းနည်းပြ ကိုစိုင်းမြင့်သူတို့မှ သင်တန်းပို့ချ ပေးခဲ့သည်။ ကတ်သလစ်လူငယ်ကွန်ယက်မှ ၂၂ ဦး၊ ကတ်သလစ်ဘုန်းတော်ကြီးနှစ်ဦး အပါအဝင် စုစုပေါင်းသင်တန်းသား ၂၄ ဦး သင်တန်း တက်ရောက်ခဲ့သည်။ သင်တန်းတက်ရောက်သူများမှာ ချင်း၊ ခူမီး၊ ကရင်၊ မြိုနှင့် အရှိုတိုင်းရင်းသားများဖြစ်ကြသည်။

မကွေးတိုင်း၊ စလင်းမြို့နယ်တွင်ကျင်းပခဲ့သော သင်တန်း၌ သင်တန်းနည်းပြများအဖြစ် လူ့အခွင့်အရေးသင်တန်းနည်းပြ ကိုစောသန်းလှိုင်၊ လူ့အခွင့်အရေး၊ လူ့အခွင့်အရေးမှတ်တမ်းတင်ခြင်း

နှင့် အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှု သင်တန်းနည်းပြ ကိုကျော်ဦးတို့မှ သင်တန်းပို့ချပေးခဲ့သည်။ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်၊ စလင်းတောင်သူအဖွဲ့၊ လယ်သမားသမဂ္ဂ၊ လူငယ်အဖွဲ့ အစည်း၊ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့မှ အဖွဲ့ဝင်များ အပါဝင် စုစုပေါင်း သင်တန်းသား ၂၅ ဦး တက်ရောက်ခဲ့ကြသည်။ သင်တန်းတက်ရောက်သူများမှာ ချင်းနှင့် ဗမာ တိုင်းရင်းသားများဖြစ်ကြသည်။

သင်တန်းပို့ချပေးခဲ့သော မြို့နယ်များတွင် လူ့အခွင့်အရေးချိုးဖောက်မှုများကို ရင်ဆိုင်နေကြရသည်။ သံတွဲမြို့နယ်နှင့် မကွေးတိုင်းအတွင်းရှိ စလင်းမြို့နယ်၊ ပွင့်ဖြူမြို့နယ်၊ ဆိပ်ဖြူမြို့နယ်တို့တွင် လယ်ယာမြေ သိမ်းဆည်းခြင်း၊ လာဘ်ပေးလာဘ်ယူမှု ပြုလုပ်ခြင်း စသည့် လူ့အခွင့် အရေးချိုးဖောက်မှုများကိုရင်ဆိုင်နေရသည်။

သင်တန်းပို့ချရခြင်း၏ ရည်ရွယ်ချက်သည် ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရေးတွင် ပါဝင်ကြသူများကို အားပေးမြှင့်တင်ရန်နှင့် အသိပညာ များရရှိလာရန် ရည်ရွယ်၍ စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်းဖြစ်သည်။

## စည်းရုံးလှုံ့ဆော်ခြင်းနှင့်တိုက်တွန်းခြင်း



AAPP နှင့် ဆွီဒင်သံရုံး ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေး

**ဆွီဒင်သံရုံးကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေး**

ဩဂုတ်လ ၁၅ ရက်နေ့တွင် ဆွီဒင်သံရုံးမှ Johan Hallenborg (Minister Counsellor - Head of Office) နှင့်GhinMangShoute (Policy Advisor ) တို့သည် AAPP ရုံးသို့ လာရောက် လည်ပတ်ခဲ့ပြီး နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) မှ ကိုအောင်မျိုးကျော်နှင့် ကိုဇော်မိုးတို့ နှင့် နိုင်ငံရေးအကျဉ်းသားစာရင်း၊ နိုင်ငံရေးအကျဉ်းသားအဓိပ္ပါယ်ဖွင့်ဆိုချက်၊နိုင်ငံရေးအကျဉ်းသားလွတ်ပေးရေး၊ နိုင်ငံရေးအကျဉ်းသား စိစစ်ရေး၊ ပြန်လည်ထူထောင်ရေး တို့အပေါ် အစိုးရ၏လုပ်ဆောင်ချက်ရှိမရှိစသည်တို့ကိုဆွေးနွေးခဲ့သည်။ ထို့ပြင် ကိုအောင်မျိုးကျော်နှင့် ကိုဇော်မိုးတို့မှ AAPP ၏ လုပ်ငန်းများ၊လူ့အခွင့်ရေးနှင့် ပါတ်သတ်သောကိစ္စရပ်များ၊ ဥပဒေပြင်ဆင်ရေးကိစ္စရပ်များ၊အကျဉ်းထောင်ပြုပြင် ပြောင်းလဲရေးကိစ္စရပ်များ စသည်တို့ကိုရှင်းပြခဲ့ပါသည်။



ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်တွင်ကျင်းပပြုလုပ်သောCETA Counseling သင်တန်း

## စိတ်ဓာတ်ပြန်လည် မြှင့်တင်ရေးအစီအစဉ်

**မြစ်ကြီးနားမြို့တွင် Common Elements Treatment Approach (CETA) သင်တန်းပို့ချ ခြင်း**

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP)၏ စိတ်ဓာတ် ပြန်လည်မြှင့်တင်ရေးအစီအစဉ် (MHAP) မှ တိုင်းရင်းသား ဒေသများတွင် နေထိုင်ကြသော ပြည်သူများ စိတ်ပိုင်းဆိုင်ရာ အထောက်အကူဖြစ်စေရန်အတွက် CETA Counseling သင်တန်းကို မြစ်ကြီးနားမြို့တွင် ဩဂုတ်လ ၁၄ ရက်နေ့မှ ဩဂုတ်လ ၂၅ ရက်နေ့အထိ၊ (၁၂) ရက်ကြာပို့ချပေးခဲ့သည်။ MHAPမှ Chief Clinical Supervisor ဦးကျော်စိုးဝင်း၊ သင်တန်းနည်းပြများဖြစ်ကြသော ကိုထင်အောင်၊ မခင်ငြိမ်းချမ်းစိုးတို့မှ သင်တန်းပို့ချပေးခဲ့ပြီး ကချင်နှစ်ခြင်းအသင်းတော် (KBC)၊ Shalom (Nyein Foundation)၊ အရက်နှင့် မူးယစ်ဆေးဝါးသုံးစွဲမှု သုတေသနအဖွဲ့ (Substances Abuse Research Association) တို့မှ ဝန်ထမ်း (၂၇) ဦး သင်တန်းတက်ရောက်ခဲ့သည်။ ဆက်လက်၍ လေ့ကျင့်မှုများနှင့် ကုသမှုများကို ဒေသတွင်း လိုအပ်နေသော ပြည်သူများအတွက် အကောင်အထည်ဖော်သွားမည်ဖြစ်သည်။

**နှစ်သိမ့်ဆွေးနွေးခြင်းအစီအစဉ်**

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ စိတ်ဓာတ်ပြန်လည်မြှင့်တင်ရေးအစီအစဉ်တစ်ခုဖြစ်သည့် Mental Health Assistance Program (MHAP) မှ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ကြီးကြပ်အုပ်ချုပ်သော ရန်ကုန်မြို့ရှိ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး ဌာနနှင့် အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်းသို့ အပတ်စဉ် စနေ၊

တနင်္ဂနွေနေ့တိုင်း သွားရောက်လည်ပတ် လျက်ရှိသည်။ MHAP မှ ကောင်ဆယ်လာနှစ်ဦးသည် အမျိုးသမီးသက်မွေးအတတ်ပညာသင် ကျောင်းမှ နှစ်သိမ့်ဆွေးနွေးရန် လိုအပ်သည့် အမျိုးသမီး ခုနစ်ဦး အား

အပတ်စဉ် စနေနေ့တိုင်း နှစ်သိမ့်ဆွေးနွေးပေးလျက်ရှိပြီး ကောင်ဆယ်လာလေးဦးသည် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဌာနမှ အမျိုးသမီး ၁၁ဦး အား အပတ်စဉ် တနင်္ဂနွေနေ့တိုင်း နှစ်သိမ့် ဆွေးနွေးပေးလျက်ရှိသည်။ ထို့ပြင် ကောင်ဆယ်လာငါးဦးသည် အပတ်စဉ် တနင်္လာနေ့တိုင်း ငှက်အော်စမ်းလူငယ်လေ့ကျင့်ရေး သင်တန်းကျောင်းရှိ နှစ်သိမ့်ဆွေးနွေးရန်လိုအပ်နေသော လူငယ် ၁၉ ဦးအား နှစ်သိမ့် ဆွေးနွေးပေးလျက်ရှိသည်။ ဩဂုတ်လတွင်းတွင် ထိုင်းနိုင်ငံ၊ မဲစောက်မြို့ရှိ MHAP အဖွဲ့မှ ကောင်ဆယ်လာသုံးဦးသည် ရွှေ့ပြောင်း မြန်မာအလုပ်သမား အမျိုးသမီး ၁၁ ဦးနှင့် အမျိုးသား ရှစ်ဦး၊ စုစုပေါင်း ၁၉ ဦးကို နှစ်သိမ့်ဆွေးနွေးပေးနိုင်ခဲ့သည်။

**ဆက်သွယ်မေးမြန်းရန်**
**နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း**
**တိတ်နိုင်အတွင်းရေးမှူး +၉၅(၁) ၉၄၂၈၀၁၂၃၈၂၈**
**ဘိုကြည်တွဲဘက်အတွင်းရေးမှူး +၆၆(၁) ၈၁၉ ၆၂၈ ၇၁၃**
**ဦးအောင်မျိုးကျော် ရန်ကုန်ရုံးတာဝန်ခံ+၉၅(၁) ၉၄၂၈၁၁၇၃၄၈**